
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၅/၂၀၂၄ )

## (၂၀.၆.၂၀၂၄ မှ ၂၅.၆.၂၀၂၄ ထိ )


၁။ **ပြည်တွင်း ၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါးစိုက်ဧက (၂.၇၄၅) သန်းအပေါ် (၁၅-၆-၂၀၂၄) ရက်နေ့ထိ ရိတ်သိမ်းဧက (၂.၃၂၈) သန်း ၊ ပျှမ်းမျှအထွက်နှုန်း (၁၀၅.၇၃) တင်းဖြင့် အထွက်တင်း(၂၄၆.၁၆၅) သန်းထွက်ရှိနေပြီဖြစ်ပါသည်။၂၀၂၄-၂၀၂၅ခုနှစ်၊ မိုးစပါး စိုက်ပျိုးရန်လျာထားဧက(၁၅.၀၀၅) သန်းအပေါ် (၁၅.၆.၂၀၂၄) ရက်နေ့ထိ စိုက်ပျိုးပြီးဧက(၂.၀၂၃) သန်း၊(၁၃.၄၈%) စိုက်ပျိုးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၇.၅၆ ဟက်တာ သန်း**(ဧက၄၁၃.၈၇၃သန်း)**၊ အထွက်နှုန်းတစ်ဟက်တာ ၄.၇၀ မက်တန် **(၂၂၅.၁၇၇ တင်း)**၊ စုစုပေါင်းအထွက်မက်တန် ၅၂၇.၆၃ သန်း **(စပါးတင်း ၂၅၂၇၈.၇၅၃သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၇၇၆၀၀၀ | ↓ ၁၇၁၂၀၀၀ | ဧည့်မထ(မိုး) | ၈၆၀၀၀ | ↓ ၈၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၇၃၀၀၀ | ↓ ၁၆၈၀၀၀၀ | ဧည့်မထ(နွေသစ်) | ၈၅၀၀၀ | ↓ ၈၂၀၀၀ |
| | | | | | | | | |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၂၁၁၆၀၀၀ | ▬ ၂၁၁၆၀၀၀ | ဧည့်မထ(မိုး) | ၉၀၀၀၀ | ↓ ၈၉၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၄၈၀၀၀ | ▬ ၁၇၄၈၀၀၀ | ဧည့်မထ(နွေသစ်) | ၈၀၀၀၀ | ↓ ၇၉၀၀၀ |
| | | | | | | | | |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၂၀၂၄၀၀၀ | ▬ ၂၀၂၄၀၀၀ | ဧည့်မထ(မိုး) | ၈၀၀၀၀ | ↓ ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၉၃၂၀၀၀ | ▬ ၁၉၃၂၀၀၀ | ဧည့်မထ(နွေသစ်) | ၇၇၀၀၀ | ↓ ၇၀၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၂၀၃၀၀၀၀ | ▬ ၂၀၃၀၀၀၀ | ဧည့်မထ(မိုး) | ၇၇၀၀၀ | ↓ ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၁၀၀၀၀ | ▬ ၁၆၁၀၀၀၀ | ဧည့်မထ(နွေသစ်) | ၇၁၀၀၀ | ↓ ၇၀၀၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၄၀၀၀၀၀ | ▬ ၂၄၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၀၀၀၀ | ↓ ၈၄၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၃၀၀၀၀၀ | ▬ ၂၃၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၀၀၀၀ | ↓ ၈၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | | ၁၄၅၀၀၀၀ | ဧည့်မထ(နွေသစ်) | | ၆၈၀၀၀ |
| | | | | | | | | |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | ၃၃၀၀၀၀၀ | ▬ ၃၃၀၀၀၀၀ | ရေမင်း(မိုး) | ၁၄၀၀၀၀ | ↓ ၁၂၅၀၀၀ |
| | | | | | | | | |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ရွှေဝါထွန်း(မိုး) | | | ရွှေဝါထွန်း(မိုး) | | |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၂၁၀၀၀၀၀ | ▬ ၂၁၀၀၀၀၀ | ဇီယာ(မိုး) | ၇၉၀၀၀ | ▬ ၇၉၀၀၀ |
| | | | | | | | | |





စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု




ဆည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၃.၆.၂၄ | ၁၀.၆.၂၄ | ၁၇.၆.၂၄ | ၂၄.၆.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၆၄ | ၆၆၂ | ၆၆၀ | ↓ ၆၄၆ |
| | | White Rice ၅% | ၆၄၉ | ၆၄၇ | ၆၄၅ | ↓ ၆၃၂ |
| | | White Rice ၂၅% | ၆၁၁ | ၆၀၇ | ၆၀၅ | ↓ ၅၉၅ |
| | | Parboiled Rice ၁၀၀% | ၆၃၈ | ၆၃၆ | ၆၃၄ | ↓ ၆၂၁ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၉၂ | ၅၇၇ | ၅၇၇ | ↓ ၅၇၃ |
| | | White Rice ၂၅% | ၅၆၆ | ၅၅၆ | ၅၅၆ | ↓ ၅၅၁ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၉၈ | ၅၉၁ | ၅၈၆ | ↑ ၅၈၈ |
| | | White Rice ၂၅% | ၅၄၈ | ၅၆၁ | ၅၅၀ | ↓ ၅၄၆ |
| (ဃ) | မြန်မာ | White Rice ၅% | ၅၆၅-၅၇၅ | ၅၆၅-၅၇၅ | ၅၅၅-၅၆၀ | ▬ ၅၅၅-၅၆၀ |
| | | White Rice ၁၀% | ၅၆၅-၅၇၀ | ၅၆၅-၅၇၀ | ၅၅၀-၅၅၅ | ▬ ၅၅၀-၅၅၅ |
| | | White Rice ၁၅% | ၅၆၀-၅၆၅ | ၅၆၀-၅၆၅ | ၅၄၅-၅၅၀ | ▬ ၅၄၅-၅၅၀ |
| | | White Rice ၂၅% | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၄၀-၅၄၅ | ▬ ၅၄၀-၅၄၅ |
| | | Parboiled Rice ၅% | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ | ▬ ၆၄၀-၆၄၅ |
| | | Parboiled Rice ၁၀% | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ | ▬ ၆၃၅-၆၄၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂၄-၆-၂၀၂၄နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၄.၁၆၄) သန်းဖြစ်ပါသည်။ USDA Foreign Agricultural Service (gov) (Grain World Market and Trade ) Website သတင်းအရ ၂၀၂၄ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၇.၉၈၄) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၁-၄-၂၀၂၄ မှ ၁၄-၆-၂၀၂၄ နေ့ထိ ဆန်တန်ချိန် (၁၉၅၅၂၅) ၊ တန်ဘိုး(၁၁၃.၁၆၀) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၀၇၃၃၄)၊ တန်ဘိုး(၅၀.၇၇၉) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန် (၈၈၁၉၁)၊ တန်ဘိုး (၆၂.၃၈၁) USD သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန်တစ်တန်ပေါက်ဈေးမှာ FOB ၅၄၅ USD ဖြစ်ပြီး ပျှမ်းမျှငွေလဲနှုန်း ၃၁၄၀ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၁၇ USD ဖြစ်သဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဆန်ဝယ်လိုအားလျော့နည်းနေပြီး ရောင်းလိုအားများနေသည့်အတွက် အရောင်းအဝယ်အေးနေပြီး ပို့ကုန်ဆန်ဈေးနှုန်းများကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဈေးကွက်အဝင်များလာသဖြင့် ဆန်ရောင်းလိုအားမြင့်မားနေပြီး ဝယ်လိုအားလျော့နည်းနေခြင်းကြောင့် အရောင်းအဝယ်အေး၍ ပို့ကုန်ဆန်ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ ပြည်တွင်းဈေးကွက်၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် စားသုံးသူပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့် ဆန်များရောင်းချပေးနေခြင်းကြောင့် မြို့နယ်အများစုတွင် ဆန်၊ စပါးဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရှိရပါသည်။